# “မုယင်း နှင့် အင်း”

ကိုရွှေငါး (နေမြို့)

မုယင်းစပါးသည် မိုးတွင်းကာလတွင် ရေလွှမ်းမိုးသောမြေ၊ မြေနိမ့်ပိုင်း၊ အနိမ့်ကွင်း၊ ရေနက်ကွင်းနေရာများတွင် ရေပြန်အကျပေါ်မူတည်၍ နွေစပါးအဖြစ်စိုက်ပျိုးသည်ကို ခေါ်ဆိုသည်။ အချို့ရေနက်ကွင်းများတွင် ဖေဖော်ဝါရီလ ဒုတိယပါတ်အထိ နွေစပါး စိုက်ပျိုးသည်ကို တွေ့ရှိရသည်။

အင်းဆိုသောစကားရပ်မှာ ပထဝီအနေအထားကြောင့် သော်လည်းကောင်း၊ ရာသီဥတုကြောင့် သော်လည်းကောင်း၊ မိုးကာလမှာမြစ်ရေ ချောင်းရေများ စီးဝင်သည့်အခါ မြေနိမ့်ဒေသနှင့် မြေပြင်တွေပေါ်မှာရေထုထည်များ ဖုံးလွှမ်းလျက်ရှိတဲ့ အခြေအနေကို အင်းအိုင်များဟု ခေါ်ဆိုပါသည်။ အင်းအိုင်လုပ်ငန်းဆိုသည်မှာ ကုန်းတွင်းပိုင်း ရေချိုငါးထုတ်လုပ်သည့်လုပ်ငန်းကို ခေါ်ဆိုပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး တို့တွင် ရေနက်ကွင်းရှိသောနေရာများ မုယင်း(နွေစပါး)စိုက်ပျိုးခြင်းနှင့် အင်းလုပ်ငန်းများသည် ဒွန်တွဲလျက်ရှိသည်။ ရေနက်ကွင်း၏ရေကို မူတည်၍ နွေစပါးစိုက်ပျိုးကြသည်။

အဓိကအားဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာပြည်အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ ပထဝီအနေအထားအရ အနိမ့်အဝှမ်းများ ၊မြစ်၊ ချောင်း၊ အင်း၊ အိုင်များ အလွန်ပေါများသောဒေသဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသအများစုပါဝင်သဖြင့် နွေစပါးစိုက်ပျိုးရန် အနေအထားနှင့် ရာသီဥတုတို့က အခြေအနေ ပေးသော ဒေသကြီး ဖြစ်သည်နှင့်အမျှ ဆန်စပါးအများဆုံးထွက်ရှိသော ဒေသကြီးဖြစ်၍ မြန်မာနိုင်ငံ၏ စပါးကျီ(**ထမင်းအိုးကြီး**)ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ဆန်စပါးစိုက်ပျိုးရာ တိုင်းဒေသကြီးဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း မြစ်ချောင်းအင်းအိုင်များ ပေါများသည်နှင့်အမျှ ငါး၊ ပုစွန်သယံဇာတများ အလွန်ပေါများသောဒေသကြီးဖြစ်သဖြင့် သားငါးဟင်းလျာတို့ကို ထုတ်ပေးနေသည့်(**ဟင်းအိုးကြီး**)သဖွယ်ဖြစ်နေသည်။

၁၉၈၈ခုနှစ်ဝန်းကျင်မှစ၍ နွေစပါး(မုယင်း)စပါးများကို အင်းအိုင်ဒေသနှင့်နီးသော အနိမ့်ပိုင်းများ၊ တစ်နည်းအားဖြင့် ရေရရှိရန်လွယ်ကူသော အင်းချောင်း၊ အိုင်မများအနီးတွင် နွေစပါးများကို စမ်းသပ်စိုက်ပျိုး ခဲ့ကြသည်။ နွေကာလတွင်စိုက်ပျိုးထုတ်လုပ်ရသဖြင့် အနိမ့်ပိုင်းဒေသများတွင် အခြေအနေပေးပြီး အင်းရေကို အခြေပြုစိုက်ပျိုးရသဖြင့် အင်းနှင့်နီးသော စားကျက်မြေနှင့် မြေလွတ်မြေလပ်များကို တောင်သူ လယ်သမားများက တိုးချဲ့စိုက်ပျိုး လာကြသည်။

ရေနက်ကွင်းတွင်ရှိသော အင်းများ၏ ငါးဖမ်းရာသီ၊ ငါးဖမ်းရက်နှင့် ဖမ်းဆီးရသော ဂယက်များတွင် ငါးမျိုးချန်သည့် အပိုင်းများရှိ အင်းရေနှင့် တောင်သူများ၏ စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများ၊ အင်းကော မြေများတွင် နွေစပါးစိုက်ပျိုးသည့် လယ်ကွက်များ အဖြစ်ဖန်တီး၍ ဆောင်ရွက်ခဲ့ရာ

ထိုအချိန်မှစ၍ မုယင်းနှင့်အင်း ပြဿနာသည် စတင်နိဒါန်းပျိုးခဲ့သည်။ ဤသို့ ဖြစ်ရခြင်းမှာ အင်းအိုင်ချောင်းမြောင်းတို့သည် နှစ်ပေါင်းရှည်ကြာ လာသည်နှင့်အမျှ ရာသီဥတုနှင့်ပထဝီဝင်အနေ အထားအရ ပြောင်းလဲလာကြရာ အချို့သောအင်းအိုင်တို့သည် ကောလာသည့် အနေအထားသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုကဲ့သို့အင်းအိုင်အချို့ ကောလာသည့်အနေအထား တွင် နွေစပါး စိုက်ပျိုးသူတို့သည် အင်းနယ်နမိတ်အတွင်းသို့ ကျူးကျော်ဝင်ရောက်စိုက်ပျိုး လာကြပါသည်။

ထိုကဲ့သို့အခြေအနေမျိုးတွင် သက်ဆိုင်ရာ လယ်/စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေး ကောက်ယူရာ သီးနှံခွန်အတွက်(N)ဟု မမြဲဦးပိုင်အဖြစ် အခွန်စည်းကြပ် တောင်းခံခဲ့ကြသည်။ လယ်သမားများဘက်မှလည်း သီးနှံခွန်(N)ဖြင့် ပြေစာထုတ်ပေးခဲ့သည်ကို တရားဝင်ဦးပိုင်အဖြစ် သတ်မှတ်ယူဆ ခဲ့ကြသည်။

အင်းသားကြီးဘက်မှလည်း မိမိ၏အင်းနယ်နမိတ်ကို တိတိကျကျမသိဘဲ ဘယ်နေရာ၊ ဘယ်နား အထိဟု ယေဘူယအသိဖြင့်သာရှိခဲ့ရာ ၄င်းကိစ္စမှာ မကြာခဏအချင်းများအငြင်းပွားခဲ့ရသည်။ အင်းသားကြီး ဘက်မှ အင်းအိုင်နယ်နမိတ်ကို အတိအကျသိရှိရန် လေလံဆွဲဝယ်စဉ်ကပင် အင်းမြေပုံအမှန်ကို ရယူထားဖို့ လိုအပ်သည်။ ဧရာဝတီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ အခန်း(၁)၊ ပုဒ်မ(၂)၊ ပုဒ်မခွဲ(ထ)တွင် ရေချိုငါး လုပ်ငန်းနယ်နမိတ်ဆိုသည်မှာ " ဂရန်အင်း၊ သီးသန်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် တင်ဒါ၊ အင်း၊ အိုင်၊ ချောင်းတို့အား ယခင်မူလ (***၁၉၉၁-ခုနှစ် ရေချိုငါးလုပ်ငန်းဥပဒေအတည်မပြုမီကာလ အင်းအိုင်ဧရိယာ နယ်မြေသတ်မှတ်သည့် နယ်နမိတ်အတွင်းကိုဆိုလိုသည်။သို့ရာတွင် ဂရန်ပိုင်ရေနက်ကွင်းမှအပ ဦးပိုင်ရှိသော အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေတို့သည် ရေချိုငါးလုပ်ငန်းနယ်နမိတ်များ အကျုံးမဝင်ပါ***)ဟု အဓိပ္ပါယ်ဖွင့်ဆို ပြဋ္ဌာန်းထားပါသည်။ ဥပဒေပါ ရေချိုငါးလုပ်ငန်းနယ်နမိတ်နှင့် ပတ်သက်သော အဓိပ္ပါယ်သတ်မှတ်ချက်မှာ တိကျလှပါသည်။ ဥပမာအားဖြင့် အင်းနယ်နမိတ်ဖြစ်လျှင် ဦးပိုင်လယ်မဖြစ်နိုင်သကဲ့သို့ ဦးပိုင်ရှိနေသော လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေတို့သည်လည်း အင်းနယ်နမိတ်မဖြစ်နိုင်တော့ပါ။

အင်းနယ်နမိတ်နှင့် နွေစပါးစိုက်ဧရိယာများသည် အများအားဖြင့်ဆက်စပ် တည်ရှိနေလျက် ရှိခဲ့သည်။မိုးရာသီ ရေလွှမ်းမိုးသောကာလများတွင် ၄င်းဧရိယာများမှာ ငါးများ၏ *spawning ground* (ငါးနေငါးထိုင်ကွင်း)၊ *feeding ground* (အစာရှာကွင်း) ဖြစ်၍ ရေနည်းပါးချိန်တွင် ၄င်းနေရာများတွင် နွေစပါးစိုက်ပျိုးကြသဖြင့် ငါးတို့မှစွန့်ပစ်သော အညစ်အကြေးများကြောင့် သဘာဝသြဇာဓါတ်ရရှိပြီး ကောင်းမွန် သောမြေဆီပေါ်တွင် စိုက်ပျိုးကြရသဖြင့် တောင်သူနှင့်အင်းသားကြီးတို့ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုကို ဖြစ်ပေါ် စေသဖြင့် နှစ်ဦးနှစ်ဖက်အဆင်ပြေစွာ လုပ်ငန်းများကို လောဘ၊ ဒေါသ၊ မောဟများရှေ့မထားပဲ ပေါင်းစပ် ဆောင်ရွက်သင့်သည်။

စာရေးသူအနေဖြင့် ကွင်းဆင်းပြီး "မုယင်းနှင့်အင်း" ကိစ္စနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစန်းတိုးမှ " ကျွန်တော်တို့ ဖုန်းဆိုးတောင်အုပ်စုသည် အနိမ့်ပိုင်း ရေနက်ကွင်းဒေသ

ဖြစ်ပြီး အင်းများနှင့်နွေစပါး စိုက်ဧကများစွာရှိပါတယ်။ တောင်သူများကလည်း စားကျက်မြေ၊ အင်းကောမြေများကို ကျူးကျော်စိုက်ပျိုးခဲ့ကြသလို အင်းသားကြီးများမှလည်း အင်းပိုင်ဆိုင်ရက် တန်ခူးလပြည့်ကျော် (၁)ရက်အတွင်း အချိန်မှီ ရေဖလှယ်သောစနစ်ဖြင့် ငါးဖမ်းနိုင်ရန်နှင့် နွေစပါးအောင်ရေရရှိစေရန် အင်းသားကြီးများမှ တောင်သူများ အပေါ် ထိုက်သင့်တာကိုကူညီပြီး ငါးဖမ်းချိန်ကို ညှိနှိုင်းသတ်မှတ်ကာ နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် ညှိနှိုင်းပေါင်းစပ် ပေးရပါသည် ”ဟုရှင်းပြပါသည်။

မုယင်းနှင့်အင်းပြဿနာများမဖြစ်ပေါ်စေရန် လယ်သမားများမှလည်း နွေစပါးကို ဒီဇင်ဘာလကုန် အပြီး စိုက်ပျိုးရန်၊ သက်ကြီးစပါးမစိုက်ပျိုးဘဲ သက်လျင်စပါးမျိုးများဖြစ်သော ထွန်းသီရိ၊ ဆင်းသုခ၊ ရတနာမိုး စသောစပါးမျိုးများ စိုက်ပျိုးကြရပါမည်။ အင်းသားကြီးများဘက်မှလည်း အင်း၊ အိုင်၊ ချောင်း၊ မြောင်းများ မတိမ် ကောစေရန် အင်းအိုင် များကို တူးဖော်ခြင်း၊ မိမိအင်းနယ်နမိတ်များကို အတိအကျသိရှိရန် လေ့လာထားရပါမည်။ မြို့နယ်အဆင့် စိုက်တိုးမြှင့်အဖွဲ့များ ပူးပေါင်းပြီးပညာပေးဆွေးနွေးပွဲများ၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း၊ လယ်သမားများနှင့် အင်းသားကြီးများ၏ အခက်အခဲများကို အလျင်အမြန်ကွင်းဆင်း ဖြေရှင်းညှိနှိုင်းပေးခြင်းဖြင့် “ **မုယင်း နှင့် အင်း** ”ပြဿနာများ လျော့နည်းလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဆောင်းပါးရေးသားသူ -

ဦးဇော်မင်း
ဦးစီးအရာရှိ
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
ဓနုဖြူမြို့
Ph - 09-49750439